NSW Health

ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုး (dTpa) ကာကွယ်ဆေး၊

မိဘအတွက်ထုတ်ဝေချက်

သြစတြေးလျအစိုးရသည် နိုင်ငံတော်ကာကွယ်ဆေးထိုးခြင်းအစီအစဉ် (NIP)အရ ဆယ်ကျော်သက်အရွယ်များအတွက် ကာကွယ်ဆေးအချို့ကို အခမဲ့ ထိုးပေးပါသည်။

မေး။ ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုးရောဂါသည် မည်သည်နည်း။

ဆုံဆို့နာ ဘက်တီးရီးယားများသည် အလွယ်တကူပျံ့နှံ့နိုင်ပြီး အသက်ရှူပြဿနာများ၊ အရေပြားအနာများ သို့မဟုတ် နှလုံးကြွက်သား သို့မဟုတ် အာရုံကြောများ ရောင်ရမ်းခြင်းကို ဖြစ်စေနိုင်သည်။

မေးခိုင်သည် ဘက်တီးရီးယားကြောင့်ဖြစ်သည့် အန္တရာယ်ရှိသော ရောဂါတစ်ခု ဖြစ်ပါသည်။ မေးခိုင်သည် အာရုံကြောများကို ထိခိုက်စေပြီး ကြွက်သားများ နာကျင်စွာညှစ်ခြင်း၊ မေးရိုးလှုပ်မရခြင်းနှင့် အဆုတ်ရောင်ခြင်း သို့မဟုတ် အရိုးကျိုးခြင်း (ကြွက်သားညှစ်ခြင်းမှ) ကဲ့သို့သော အခြားအခြေအနေများကို ဖြစ်စေနိုင်သည်။

ကြက်ညှာချောင်းဆိုးသည် ပြင်းထန်သောချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်းတို့ ဖြစ်သော ဘက်တီးရီးယားပိုးဝင်ခြင်းဖြစ်ပါသည်။ ကလေးငယ်များတွင် အသက်အန္တရာယ်ရှိနိုင်ပါသည်။ ကလေးကြီးများနှင့် လူကြီးများတွင် ချောင်းဆိုးခြင်းသည် လနှင့်ချီ ကြာနိုင်ပါသည်။

မေး။ ဤရောဂါများ မည်သို့ ပျံ့နှံ့ပါသလဲ။

ဆုံဆို့နာသည် ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ရောဂါပိုးရှိသူ၏ ပါးစပ်၊ နှာခေါင်း သို့မဟုတ် အရေပြားမှ ထွက်သည့်အရည်များနှင့် ထိတွေ့ခြင်းမှတဆင့် ပျံ့နှံ့ပါသည်။

မေးခိုင်သည် မြေလွှာတွင်ရှိသော ဘက်တီးရီးယားကြောင့် ဖြစ်ပါသည်။ ဒဏ်ရာများ၊ ခြစ်ရှရာများ သို့မဟုတ် ဖုန်မှုန့်၊ မြေမှုန့်၊ အညစ်အကြေးများကပ်တွယ်နေသည့်ဒဏ်ရာများမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ပါသည်။

ကြက်ညှာချောင်းဆိုးသည် ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းမှ ထွက်လာသော အစက်အမှုန်များမှတဆင့် ပျံ့နှံ့ပါသည်။ ဆေးကုသမှုမရသူသည် ချောင်းဆိုးပြီးနောက် ၃ ပတ်အထိ ကူးစက်နိုင်သည်။

မေး။ ကာကွယ်ဆေးများက မည်သို့ အလုပ်လုပ်ပါသလဲ။

ကာကွယ်ဆေးများသည် သင့်ကိုယ်ခံအားစနစ်မှ ရောဂါပိုးများတိုက်ဖျက်ရေးတွင် ကူညီပေးပါသည်။ ကာကွယ်ဆေးထိုးထားသူသည် အဆိုပါရောဂါပိုးများနှင့် ထိတွေ့မိပါက၊ ၎င်းတို့၏ ကိုယ်ခံအားစနစ်က ရောဂါပိုးကို ပိုမိုတိုက်ထုတ်နိုင်သောကြောင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်သလို ရောဂါဖြစ်ပါက သက်သာစေနိုင်သည်။

မေး။ ဤကာကွယ်ဆေးက မည်မျှအထိ ထိရောက်ပါသလဲ။

ဤကာကွယ်ဆေးသည် ဆုံဆို့နာနှင့် မေးခိုင်ရောဂါကို ကာကွယ်ရာတွင် အလွန်ထိရောက်ပြီး ကြက်ညှာချောင်းဆိုးခြင်းကို ၈၀% ခန့် ထိရောက်မှုရှိပါသည်။

မေး။ မိမိကလေးသည် အကြိမ်ပေါင်းမည်မျှထိုးရန် လိုအပ်ပါသလဲ။

သင့်ကလေးသည် ၃ ကြိမ်ထိုးနှံ့ပြီးပါက၊ **dTpa ကာကွယ်ဆေး** ၁၂-၁၃နှစ်တွင် အရွယ်ရောက်ချိန်အထိ ကာကွယ်နေထိုင်နိုင်ရန် အားမြှင့်ကာကွယ်ဆေး တစ်ကြိမ် လိုအပ်ပါသည်။

သင့်ကလေးသည် ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာရောဂါ ကာကွယ်ဆေး မထိုးဖူးပါက၊ ဆုံဆို့-မေးခိုင် ကာကွယ်ဆေး ၃ ကြိမ်ထိုးနှံရန် လိုအပ်ပါမည်။ ထို ကာကွယ်ဆေးများအနက် အနည်းဆုံးတစ်ခုသည် ကြက်ညှာချောင်းဆိုးခြင်းကိုလည်း ကာကွယ်သင့်ပြီး ကာကွယ်ဆေးများအကြား အနည်းဆုံး ၄ ပတ် ခြားသင့်ပါသည်။

မေး။ ကာကွယ်ဆေးကို မည်သူ ထိုးသင့်ပါသလဲ။

ဆုံဆို့၊ မေးခိုင်နှင့် ကြက်ညှာချောင်းဆိုးတို့ကို ကာကွယ်ရန် ဆယ်ကျော်သက် အရွယ်များအားလုံး **dTpa ကာကွယ်ဆေး**တစ်ကြိမ် ထိုးသင့်သည်။

ကလေးငယ်ချိန် ကာကွယ်ဆေးများ ထိုးနှံ့ပြီးနောက် ၎င်းတို့၏ကိုယ်ခံစွမ်းအားကို မြှင့်တင်ထားရန် ဤအားမြှင့်ကာကွယ်ဆေးသည် အရေးကြီးပါသည်။ သင့်ကလေးသည် ယခင်က ဆုံဆို့-မေးခိုင် ကာကွယ်ဆေး ထိုးနှံ့ခဲ့ပါက၊ ကြက်ညှာချောင်းဆိုးခြင်းမှ ကာကွယ်နိုင်ရန် dTpa ကာကွယ်ဆေးကို ထိုးနှံ့နိုင်ပါသေးသည်။

မေး။ ကာကွယ်ဆေးကို မည်သူ မထိုးသင့်ပါသလဲ။

ဤကာကွယ်ဆေးကို အောက်ဖော်ပြပါသူများအား မထိုးနှံပါနှင့်။

- **ယခင်ထိုးနှံစဉ် ပြင်းထန်သော ဓာတ်မတည့်မှု ရှိခဲ့သည်။**
- **ကာကွယ်ဆေးပါပစ္စည်းကို ဓာတ်မတည့်မှု ပြင်းပြင်းထန်ထန် ဖြစ်ခဲ့သည်။**

မေး။ ကိုယ်ဝန်ဆောင်သူများ ဤကာကွယ်ဆေး ထိုးနှံနိုင်ပါသလား။

ဟုတ်ကဲ့၊ ထိုးနိုင်ပါသည်။ ကိုယ်ဝန်ဆောင်သူတိုင်း ကိုယ်ဝန် ၂၀ မှ ၃၂ပတ် ကြားတွင် ဤကာကွယ်ဆေး ထိုးနှံထားသင့်ပြီး ၎င်းသည် ကလေးပထမလ အနည်းငယ်တွင် ကာကွယ်မှု ပေးနိုင်ပါသည်။

ကျောင်းတွင် သို့မဟုတ် အင်္ဂလိပ်စာအထူးသင်ကျောင်း (IEC)တွင် ဤကာကွယ်ဆေး ထိုးနှံထားသူ မဟုတ်ပါက ၎င်းတို့သည် ဆရာဝန် သို့မဟုတ် ဆေးဆိုင်တွင် ကာကွယ်ဆေးထိုးရန် လိုအပ်ပါမည်။ ကာကွယ်ဆေးထိုးသည့်နေ့တွင် သူနာပြုများက အမျိုးသမီး ကျောင်းသူများအား ကိုယ်ဝန်ရှိ၊ မရှိ မေးပါမည်။ ကျောင်းသူက ရှိပါသည်ဟု ဖြေပါက၊ ကာကွယ်ဆေး မထိုးပေးပါ။ ထိုကျောင်းသူအား မိဘ သို့မဟုတ် ဆရာဝန်နှင့် ဆွေးနွေးရန် အကြံပေးပြီး၊ အကူအညီပေးရေးလုပ်ငန်းအတွက် ဆက်သွယ်ရန်များကို ပေးပါမည်။

မေး။ ကာကွယ်ဆေးများက မည်သည်အထိ စိတ်ချရပါသလဲ။

သြစတြေးလျတွင် ကာကွယ်ဆေးများသည် အလွန် စိတ်ချရပါသည်။ ၎င်းတို့သည် ကုထုံးသုံးပစ္စည်းများစီမံခန့်ခွဲရေးအဖွဲ့ (TGA)မှ ခွင့်ပြုချက်မပေးမီ တိကျကြပ်မတ်သော အန္တရာယ်ကင်းကြောင်းစစ်ဆေးမှုများကို အောင်မြင်ရပါမည်။ TGA သည် အသုံးပြုပြီးနောက်လည်း ကာကွယ်ဆေးအန္တရာယ်ကင်းမှုကို စောင့်ကြည့်ပါသည်။

မေး။ ဤကာကွယ်ဆေးတွင် မည်သည်တို့ ပါပါသလဲ။

ဤကာကွယ်ဆေးတွင် အောက်ပါတို့ ပမာဏအနည်းငယ် ပါဝင်သည်-

- **အလူမီနီယံဟိုက်ဒရောဆိုဒ်နှင့် ဖော့စဖိတ်**
- **ဖော်မယ်ဒီဟိုက်**
- **ပိုလီဆော်ဘိတ် ၈၀**
- **ဂလိုင်ဆင်း။**

ထုတ်လုပ်နေစဉ်အတွင်း ဤကာကွယ်ဆေးသည် နွားထွက်ပစ္စည်းများနှင့်လည်း ထိတွေ့ပါဝင်ခဲ့သည်။

မေး။ ထိုကာကွယ်ဆေး၏ ဆိုးကျိုးများက မည်သည်တို့ ဖြစ်ပါသလဲ။

မပြင်းထန်သောဆိုးကျိုးများသည် အဖြစ်များပြီး အောက်ပါတို့ ပါဝင်နိုင်ပါသည်။

- **ထိုးခံရသည့်နေရာတွင် နီမြန်းခြင်း၊ ရောင်ရမ်းခြင်း သို့မဟုတ် နာကျင်ခြင်း။**
- **အဖျားရှိခြင်း။**

ပြင်းထန်သော ဆိုးကျိုးများသည် အလွန်ရှားပါးပါသည်။

ပိုမိုသိရှိလိုပါက၊ သုံးစွဲသူ ဆေးပစ္စည်းများ ထုတ်ဝေချက် (CMI) တွင် ကြည့်ရှုပါ health.nsw.gov.au/schoolvaccination။ ဆိုးကျိုးအတွက် စိုးရိမ်နေပါက သင့်ဆရာဝန်ထံ ဆက်သွယ်ပါ။

မေး။ ပြင်းထန်သော ဓာတ်မတည့်မှုဆိုသည်မှာ မည်သည်နည်း။

ပြင်းထန်သော ဓာတ်မတည့်မှုသည် အလွန်ရှားပါးသော်လည်း ဓာတ်မတည့်မှုအပေါ် ပြင်းထန်သောတုံ့ပြန်မှု ဖြစ်ပါသည်။ အမြန်မကုသပါက သတိလစ်ခြင်း၊ သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။ ကာကွယ်ဆေးထိုးပေးသူများသည် ပြင်းထန်သော ဓာတ်မတည့်မှုများကို ကုသရန် လေ့ကျင့်ထားပါသည်။

မေး။ လူတစ်ဦးသည် ပထမထိုးနှံသည့်ကာကွယ်ဆေးကို တုံ့ပြန်မှုရှိပါက မည်သို့ လုပ်ရမလဲ။

အကယ်၍ ယခင်ကာကွယ်ဆေးကို ချက်ချင်း ပြင်းထန်သော ဓါတ်မတည့်မှု မရှိပါက၊ dTpa ကာကွယ်ဆေးကို ဆက်လက်ထိုးနှံရန် သူတို့အတွက် အန္တရာယ်မရှိပါ။